VOICES FOR MOMOS

ASIA WORLD COMPANY LIMITED

# ရန်ကုန်နှင့် နေပြည်တော်လေဆိပ်များ၊ အေးရှားဝေါလ် ဆိပ်ကမ်းတို့မှ VOICES FOR MOMOS အား ပံ့ပိုးကူညီ

*အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ငန်းခွဲများက တောရိုင်းတိရစ္ဆာန်ပစ္စည်းများ တရားမဝင်ကုန်သွယ်ရောင်းချနေမှု တားဆီးရေး ပြည်သူလူထုအသိပညာပေးခြင်း တိုးမြှင့်လုပ်ဆောင်*

ရန်ကုန်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ ၂၀၁၈ ခုနှစ် ။ ။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) ၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် (NPTIA) နှင့် အေးရှားဝေါလ် ဆိပ်ကမ်း (AWPT) တို့သည် မိုမိုတို့အတွက် ရင်တွင်းစကားသံ (VOICES FOR MOMOS) ကို ကူညီပံ့ပိုးပေးရန် ကြေညာလိုက်သောကြောင့် မြန်မာ့တောဆင်များ အနေဖြင့် ၎င်းတို့ကို ကာကွယ်စောင့်ရှောက် ပေးမည့် နောက်ထပ်ချန်ပီယံ အသစ်တွေရှိသွားပြီ ဖြစ်သည်။

Asia World Company Ltd (AWC) က တာဝန်သိ လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်ရေး လုပ်ဆောင်ချက်အဖြစ် တောရိုင်းတိရိစ္ဆာန်နှင့် ပက်သက်၍ အသိပညာပေးလုပ်ဆောင်ရာတွင် ယခုကဲ့သို့ ပါဝင်ခွင့်ရသည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိသည်။ နိုင်ငံ၏ အဓိက ဝင်ပေါက်ထွက်ပေါက်များကို ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော AWC ၏ သယ်ယူပို့ဆောင်လုပ်ငန်းခွဲများမှ မတ်လ ၃ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ (World Wildlife Day) အားရည်မှန်း၍ တရားမဝင်တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ကုန်သွယ်မှုကို လူအများသတိပြုမိစေရန် အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Chief Operating Officer ဖြစ်သူ Mr Jose Angeja မှ " YIA က VOICES FOR MOMOS နဲ့ ပူးပေါင်းလိုက်တာဟာ YIA ရဲ့သံန္နိဋ္ဌာန်တွေဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဝန်ဆောင်မှုအကောင်းဆုံးနဲ့ အကောင်းဆုံးလေဆိပ်တစ်ခုဖြစ်လာစေရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်များ ထိမ်းသိမ်းစောင့်ရှောက်ရေးအတွက် တစ်တပ်တအားပါဝင်ရေးစတာတွေနဲ့ တသားတည်းကျပါတယ်။ ၂၀၁၇ ခုနှစ်က ခရီးသည် ၆ သန်းနီးပါးကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ကမ္ဘာ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) ဟာ ခရီးသွားဧည့်သည်တွေကို အသိပညာပေးရေး၊ တာဝန်သိခရီးသွားလုပ်ငန်းကို မြေတောင်မြှောက်ပေးရေး၊ အမျိုးသားဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ်စောင့်ရှောက်ရေးနဲ့ အနာဂတ်ကာလမှာ မြန်မာနိုင်ငံကို တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ကုန်သွယ်မှုကင်းစင်နိုင်ငံတစ်ခုဖြစ်လာအောင် ဖန်တီးရေး စတာတွေကိုလုပ်ဆောင်ရာမှာ တက်တက်ကြွကြွပါဝင်သွားဖို့ ရည်မှန်းထားပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ WWF-Myanmar သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားမဝင်တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ရှာဖွေဖော်ထုတ်ရေးနှင့်ပတ်သက်ပြီး လေ့ကျင့်သင်တန်းပေးခဲ့သည်။ သင်တန်းပေးသည့်ပုံစံမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လက်လီအရောင်းဆိုင်များ စီမံခန့်ခွဲရေးအဖွဲ့ကို ဆင်စွယ်များနှင့် အခြားတရားမဝင်တောရိုင်းတိရစ္ဆာန်ပစ္စည်းများ ရောင်းချခြင်းနှင့်ပတ်သက်၍ ရှာဖွေဖော်ထုတ်တတ်စေရန်လေ့ကျင့်သက်ကြားပေးခဲ့ ရည်ရွယ်ချက်မှာ ထိုအဖွဲ့က လေဆိပ်အတွင်းတွင် ရောင်းချနေသော လက်လီအရောင်းဆိုင်များက တောရိုင်းတိရစ္ဆာန်ပစ္စည်းများ မရောင်းဝယ်နိုင်စေရန်အတွက် သတိပြုစောင့်ကြည့်နိုင်ရန် ဖြစ်သည်။

လူထုအသိပညာပေးရေးပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့နှင့် တိုက်ဆိုင်စွာ အာကာကျော်၏ We Love Elephants လူထုအနုပညာပြပွဲကို မတ်လမှစတင်၍ ပြသပေးသွားမည်ဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များ ခေတ္တ နားနေစောင့်ဆိုင်းရာနေရာများဖြစ်သော နိုင်ငံတကာလေကြောင်းလိုင်းများဆိုက်ကပ်ရာ Terminal 1 ၊ 2 နှင့် ပြည်တွင်းလေကြောင်းလိုင်းများဆိုက်ကပ်ရာ Terminal 3 တို့တွင် အရွယ်အစားကြီးမားလှသည့် စက္ကူဆင်ရုပ်ကြီး ၆ ရုပ်ကို ပြသသွားမည် ဖြစ်သည်။

အေးရှားဝေါလ်သည် WWF-Myanmar အပါအဝင် အခြားသက်ဆိုင်ရာဌာနတို့နှင့်ပူးပေါင်းလျက် လေဆိပ်နှင့် ဆိပ်ကမ်းအဆောက်အဦများတွင် တောရိုင်းတိရစ္ဆာန်ပစ္စည်းများ တရားမဝင်ကုန်သွယ်ခြင်းကို အသိပညာပေးသည့် လူထုပညာပေးသတင်းစကားများ ထားရှိပေးသွားမည်ဖြစ်သည်။ ထို့ပြင် အေးရှားဝေါလ်သည် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းပြီး ၎င်းလည်ပတ်လုပ်ကိုင်နေသော လုပ်ငန်းခွင်များတွင် တောရိုင်းတိရစ္ဆာန်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေခြင်းကို စုံစမ်းစစ်ဆေးခြင်းနှင့် ဥပဒေအရ အရေးယူမှုများပြုလုပ်နိုင်ရန် ကြိုးပမ်းခြင်းတို့ကိုလည်း ပြုလုပ်သွားရန် သံန္နိဌာန်ချထားသည်။

"အေးရှားဝေါလ်ရဲ့ ကူညီပံ့ပိုးမှုက အရမ်းအရေးပါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူထုအသိပညာပေးရေးသာမကပဲ တကယ့် လုပ်ဆောင်ချက်တွေပါ ပေါင်းစပ်ထားလို့ပါ။ မြန်မာနိုင်ငံမှာ တောရိုင်းတိရစ္ဆာန်ပစ္စည်းတွေ တရားမဝင် ကုန်သွယ်မှုပပျောက်ရေးအတွက် ကြိုးပမ်းအားထုတ်မယ်ဆိုရင် နိုင်ငံရဲ့ဝင်ပေါက်၊ ထွက်ပေါက်နဲ့ နယ်စပ်ဒေသတွေ မှာ လေ့ကျင့်သင်ကြားပေးထားတဲ့သူတွေနဲ့ မှန်ကန်တဲ့ ရှာဖွေဖော်ထုတ်မှု နည်းပညာတွေ လိုအပ်ပါတယ်။ အခုလိုလုပ်ဆောင်မှုဟာ မြန်မာနိုင်ငံကို တရားမဝင်တောရိုင်းတိရစ္ဆာန်ပစ္စည်း ကုန်သွယ်ရေးကင်းစင်နိုင်ငံအဖြစ်နဲ့ ဒီကုန်သွယ်နေမှုတွေကို လုံးဝ ရပ်တန့်ပစ်ဖို့အတွက် နယ်ပယ်အသီးသီးက ပြည်သူတွေ ပူးပေါင်းလုပ်ဆောင်တဲ့ ပဏာမခြေလှမ်းပဲဖြစ်ပါတယ်" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီးဌာန (MONREC) လက်အောက်ရှိ သစ်တောဦးစီးဌာန နှင့် CITES Management Authority of Myanmar တို့၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်မှ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်ပတ်လျှင် ဆင်တစ်ကောင်နှုန်းသတ်ဖြတ်ခံနေရပြီး ဆင်အရေပြား၊ အမြီး၊ သွား နှင့် ဆင်စွယ်များကို ရန်ကုန်နှင့် မန္တလေးတို့ရှိ ဈေးကွက်များနှင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်မှု အများဆုံးနေရာများတွင် ရောင်းချနေကြသည်။ တရုတ်နယ်စပ်တစ်လျှောက်ရှိ ဒေသအချို့နှင့် ရွှေတြိဂံနယ်မြေ လူသိများသော မြန်မာ၊ လာအို၊ ထိုင်းနိုင်ငံ _ နိုင်ငံ ၃ နိုင်ငံဆက်စပ်နေသော ဒေသတွင်လည်း အမြောက်အမြား ရောင်းဝယ်ဖောက်ကားနေကြသည်။ ဆင်အရေပြားများကို အခြောက်ပြုလုပ်ပြီး ဆေးမြီးတိုများပြုလုပ် ရန်အတွက်သော်လည်းကောင်း၊ ပုတီးလုံးကလေးများအဖြစ်ပြုလုပ်ပြီး လက်ကောက်များပြုလုပ်၍သော်လည်းကောင်း၊ ဆင်အမြီးကို ငွေလက်စွပ်အတွင်းသို့ ထည့်သွင်း၍သော်လည်းကောင်း ကံကောင်းစေသည့် အဆောင်ပစ္စည်း အဖြစ် ပြုလုပ်ဝတ်ဆင်လျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ အဓိက သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ပါဝင်လာခြင်းကြောင့် ယခုအစီအစဉ် သည် တောရိုင်းတိရစ္ဆာန်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးရပ်တန့်ရေးအတွက် ပိုမိုကြီးမားသော တွန်းအားနှင့် သတိပြုမိနိုင်ရန် ခြေလှမ်းတစ်လှမ်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် လူဝင်အများဆုံးဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များဝင်ရောက်ရန်အတွက် အဓိကပင်မဝင်ပေါက်ကြီးတစ်ခုဖြစ်ပြီး ၎င်းသည် ၂၀၁၇ ခုနှစ်တွင် ခရီးသည်ပေါင်း ၅.၉၂ သန်းကျော်ကို ဝန်ဆောင်မှုများပေးခဲ့သည်။ YIA မှ ဝန်ဆောင်မှုပေးခဲ့သော ခရီးသည်များထဲတွင် နိုင်ငံခြားသားခရီးသည် ၆၆ ရာခိုင်နှုန်းပါဝင်ပြီး ခရီးသည်ဝင်ရောက်မှု စုစုပေါင်း ၈.၄၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည်လည်း မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခုအနက် ၁ ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းမှ ဂုဏ်သရေရှိဧည့်သည်တော်များ၊ အထူးအရာရှိကြီးများ၊ စီးပွားရေးရပ်ဝန်းမှ အရေးပါသောပုဂ္ဂိုလ်များလာရောက်ကြပြီး ၂၀၁၇ ခုနှစ်တွင် စုစုပေါင်းခရီးသည် ၂၂၄၄၇၈ ကို ဝန်ဆောင်မှုပေးခဲ့သော လေဆိပ်ကြီးတစ်ခုဖြစ်သည်။

၁၉၉၆ ခုနှစ်၌ စတင်တည်ဆောက်ခဲ့သော မြန်မာ့ပထမဆုံးပုဂ္ဂလိက ဆိပ်ကမ်းဖြစ်သည့် Asia World Port Terminal သည် အဆင့်မြင့်ကျွမ်းကျင်ဆိပ်ကမ်းဝန်ဆောင်မှုကဏ္ဍတွင် ဦးဆောင်နေသည့်ကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပြီး ယခုလက်ရှိတွင် မြန်မာနိုင်ငံရှိ ကွန်တိန်နာအရေအတွက်ပမာဏအများဆုံး ကိုင်တွယ်လုပ်ကိုင်လျက်ရှိသော ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်။

WWF-Myanmar အဖွဲ့အစည်းနှင့် ပူးပေါင်း၍ AWC အနေဖြင့် အနာဂတ်အတွက် ထူးခြားကောင်းမွန်မှုတစ်ခုကို ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

# # #

**Asia World Company Ltd အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်သော မြန်မာနိုင်ငံအခြေစိုက် Asia World Company Ltd (AWC) သည် အခြေခံအဆောက်အအုံ လုပ်ငန်းနယ်ပယ်တွင် အဓိကထားလုပ်ကိုင်သော အမျိုးစုံပြီးများပြားလှသည့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီအုပ်စုကြီးဖြစ်သည်။ လွန်ခဲ့သည့် ၂၅ နှစ် ကာလအတွင်းတွင် AWC သည် မြန်မာနိုင်ငံအနှံ့အပြားရှိ အရေးပါသော အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ပရောဂျက်အတော်များများကို အရည်အသွေးကောင်းမွန်စွာနှင့် တာဝန်ယူတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းနယ်ပယ်တွင် ခိုင်မာသော မှတ်တမ်းကောင်းကို ရရှိထားသောကုမ္ပဏီအုပ်စုကြီးတစ်ခုလည်းဖြစ်သည်။

AWC မှ တာဝန်ယူဆောက်လုပ်ခဲ့သော အခြေခံအဆောက်အအုံများထဲတွင် လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဆက်သွယ်ရေးတာဝါတိုင်များ ပါဝင်သည်။ AWC ၏ ပရောဂျက်အတော်များများသည် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများ အန္တရာယ်ကင်းရှင်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို အစကနဦးတီထွင်လုပ်ကိုင်သော ပရောဂျက်များဖြစ်ပြီး AWC သည် မြန်မာနိုင်ငံနှင့် ပြည်သူလူထုအတွက် ကြာရှည်ခံသော အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးလျက်ရှိသည်။ သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက www.asiaworldcompany.com သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**VOICES FOR MOMOS** အကြောင်း

မိုမိုတို့အတွက် ရင်တွင်းစကားသံ (VOICES FOR MOMOS) ဆိုသည်မှာ ကမ္ဘာ့အကြီးဆုံး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းကြီးအချို့ပူးပေါင်းပြီး မြန်မာ့ဆင်များ အမဲလိုက်သတ်ဖြတ်ခံနေရသည့် ပြဿနာကို တုံ့ပြန်ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းများ တရားမဝင်ကုန်သွယ်မှုပြုလုပ်နေသည့်ကိစ္စကို အဆုံးသတ်စေရန်အတွက် ကဏ္ဍအသီးသီးမှ လူတစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ လူထုတစ်ရပ်လုံးပါဝင်လာစေရန် တိုက်တွန်းအသိပညာပေးသည့်လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။ ဤလုပ်ဆောင်မှုကြီးအကြောင်းနှင့် မိုမိုတို့အတွက် သင်၏ ရင်တွင်းစကားသံတို့ဖြင့် မည်သို့ပါဝင်လှုပ်ရှားနိုင်သည်ကိုသိရှိလိုပါက www.voicesformomos.org တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

အချက်အလက်များပိုမိုသိရှိလိုပါက မီဒီယာများဆက်သွယ်ရန်

ရဲမင်းသွင် | Senior Communications Officer ၊ WWF-Myanmar
thwin.yemin@wwf.panda.org | + 95 9 795 824 038

ကိုကိုကြီး | Account Manager | RICE
voicesformomos@ricecomms.com | +95 997 009 4819